EOI#1 Questions & Answers 7th~17th August 2018

Q1) Could you please confirm that this is not open to International NGOs, who are registered in Myanmar but were not founded in Myanmar in the first place? မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော်လည်း ကနဦးတွင် မြန်မာနိုင်ငံတွင် တည်ထောင်ထားခြင်းမဟုတ်သည့် နိုင်ငံတကာ NGO များက လျှောက်ထားခွင့်မရှိသည်မှာ ဟုတ်မဟုတ် ကျေးဇူးပြု၍ အတည်ပြုပေးပါ။

A1) For this EOI, there is a strong preference for local organizations that have ties to communities in Southeast Myanmar and demonstrable experience serving this communities.
ယခုအဆိုပြုလွှာခေါ်ယူမှုအောက်တွင် Pactအနေဖြင့် လက်ရှိတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းလူထုတွင်း ထဲထဲဝင်ဝင် လက်တွဲလုပ်ကိုင်လျှက်ရှိသော ဒေသဆိုင်ရာအတွေ့အကြုံရှိသော ပြည်တွင်း ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်ရန် ပိုမိုဆန္ဒပြုရည်ရွယ်ထားပါသည်။

Q2) Could you please confirm that projects that do not include all components will be eligible for funding, although this is not ACE's preference?
ACE က ပိုမိုနှစ်သက်သည့်အချက်မဟုတ်သော်လည်း ကဏ္ဍအားလုံးကို ထည့်သွင်းထားခြင်းမရှိသည့် စီမံကိန်းများအတွက် ရန်ပုံငွေလျှောက်ထားနိုင်ခြင်း ရှိမရှိ ကျေးဇူးပြု၍ အတည်ပြုပေးပါ။

A2) Yes, applicants may submit a proposal in only one primary technical area or may integrate two or three technical areas in one proposal.
လျှောက်ထားသူများသည် အဆိုပြုလွှာတစ်ခုတွင် ပဓာနကဏ္ဍတစ်ခုတည်းအတွက်သော်လည်းကောင်း၊ ကဏ္ဍ ၂ ခု ၃ ခုကိုပေါင်းစည်း၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

Q3) Ethnic Health Organizations (EHOs) are not specifically mentioned in the APS. Are EHOs eligible to apply?
APS တွင် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ (EHOs) အား တသီးတသန့် ဖော်ပြထားခြင်းမရှိပါ။ EHO များက လျှောက်ထားနိုင်ပါသလား။

A3) Yes, EHOs are eligible.
EHO များက လျှောက်ထားနိုင်ပါသည်။

Q4) Can one organization jointly apply to this EOI with more than one consortia?
ဤ EOI တွင် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Consortium အဖြစ် လျှောက်ထားရာတွင် အဖွဲ့အစည်း တစ်ဖွဲ့အနေဖြင့် Consortium တစ်ဖွဲ့ထက်ပို၍ ပါဝင်လျှောက်ထားနိုင်ပါသလား။

A4) Yes consortia are welcome to apply.
အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းလျှောက်ထားမှုကို အားပေးပါသည်။

Q5) We found out that the review process for this EOI is in rolling basis. Does it mean that if we apply EOI early, we can move up to next steps early and we can start the implementation early (if we are selected) even before 6 August 2019?
ဤ EOI ကို အလျဉ်းသင့်သလို ဆန်းစစ်သုံးသပ်မည်ဟု တွေ့ရှိရသည်။ အကယ်၍ ကျွန်ုပ်တို့က စောစော လျှောက်ထားပါက (ရွေးချယ်ခံရပါလျှင်) စီမံကိန်းလုပ်ငန်းများကို ၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၆ ရက် မတိုင်မီက တည်းက စောစီးစွာ စတင်အကောင်အထည်ဖော်နိုင်မည်ဟု ဆိုလိုပါသလား။
A5) We are expecting to review applications on a rolling basis. If you apply to the EOI early, you will be reviewed earlier in the cycle. It is possible for projects to begin before 6 August 2019.
ရရှိသည့် စီမံကိန်းအဆိုပြုလွှာများကို အလျဉ်းသင့်သကဲ့သို့ ဆန်းစစ်မည်မှာ မှန်ပါသည်။ အဆိုပြုလွှာကိုစော တင်နိုင်ပါက စောစောဆန်းစစ်မည်ဖြစ်၍ စီမံကိန်းစက်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရာတွင်လည်း ၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ထက် စောနိုင်ပါသည်။

Q6) In Health sector, can we also add the Emergency preparedness and response services, Capacity Building/Organization Development and also secondary care services at hospital setting?
ကျန်းမာရေးကဏ္ဍတွင် အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုန့်ပြန်ဖြေရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်း / အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး၊ ဆေးရုံတွင်ကုသပေးရာ၌ ထပ်ဆင့်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ စသည်တို့ကို စီမံကိန်းအဆိုပြုလွှာတွင် ထည့်သွင်းနိုင်ပါသလား။
A6) This APS is not designed to serve as a rapid response fund mechanism for immediate emergency response services. However, activities that prepare communities for emergencies and shocks, with linkages to the relevant sector(s) outlined in EOI #1, would be acceptable. There will be a preference for activities that are designed to support longer-term sustainability of those services.
အရေးပေါ်အတွက်ချက်ချင်းတုန့်ပြန်ရေးဝန်ဆောင်မှုများပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်များသည် ဤ APS တွင် အကျုံးမဝင်ပါ။ သို့သော် EOI #1 တွင်ဖော်ပြပါရှိသည့် သက်ဆိုင်ရာကဏ္ဍ(များ)နှင့် ချိတ်ဆက်၍လည်း ကောင်း၊ အရေးပေါ်အခြေအနေများနှင့် စိုးရိမ်ထိတ်လန့်ဖွယ် အခြေအနေများအတွက် ရပ်ရွာလူထုများအား ကြိုတင်ပြင်ဆင်ပေးသည့်လုပ်ငန်းစဉ်များကို ထည့်သွင်းခြင်းသည် အကျုံးဝင်ပါသည်။ ထိုသို့သောဝန်ဆောင် မှုများ၏ ရေရှည်တည်မြဲရေးကို ထောက်ကူပေးသည့်လုပ်ငန်းစဉ်များကို ပိုမိုဦးစားပေးပါသည်။

Yes, secondary care services at hospital level would be eligible activities.
ဆေးရုံတွင်ကုသပေးရာ၌ ထပ်ဆင့်စောင့်ရှောက်ရေး ဝန်ဆောင်မှုများသည် အကျုံးဝင်ပါသည်။

Capacity Building/Organizational Development services are eligible if they concentrate on building the capacity of the organization in line with the strategic objectives of the EOI - improved service provision in health, livelihoods or education, better targeting of vulnerable populations, responsiveness to community demand, greater accountability, coordination with other service

providers, improved governance, and continuity of services.

ဤ EOI ၏ ရည်ရွယ်ချက်များဖြစ်သည့် ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ သို့မဟုတ် ပညာရေး ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာစေရေး၊ ခုခံနိုင်စွမ်းအားနည်း၍ ဘေးဒုက္ခရောက်လွယ်/ထိခိုက်ခံစားရလွယ်သူများအား ပိုမိုကောင်းမွန်စွာ ဦးတည်နိုင်ခြင်း၊ ရပ်ရွာလူထု၏တောင်းဆိုမှုကို ပိုမို၍ ကောင်းမွန်စွာတုန့်ပြန်ပေးနိုင် ရေး၊ တာဝန်ခံယူမှု ပိုမိုကောင်းမွန်လာစေရေး၊ အခြားသောဝန်ဆောင်မှုပေးသူများနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာစေရေး၊ စီမံအုပ်ချုပ်မှုများပိုမိုကောင်းမွန်လာစေရေးနှင့် ဝန်ဆောင်မှုများ ဆက်လက်တည်တံ့နေစေရေးတို့အတွက် အဖွဲ့အစည်း၏စွမ်းဆောင်ရည်ကို အာရုံစိုက်၍ တည်ဆောက်ပေးမည်ဆိုပါက စွမ်းဆောင်ရည်တည်ဆောက်ခြင်း/အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုများသည်လည်း အကျုံးဝင်ပါသည်။

Q7) In the Funding section, we found that the awarding grant is between $50,000 - $500,000 USD for each applicant for two years. So, when we apply EOI, should we apply the budget only for a 2 year period? Or should we apply for total 5 year project period? If we have to apply for a total 5 year period, it means that the budget amount can be even more than $500,000 USD. Is that correct?
ရန်ပုံငွေထောက်ပံ့ရေးအပိုဒ်တွင် လျှောက်ထားသူတစ်ဖွဲ့လျှင် ၂ နှစ်အတွက် အမေရိကန်ဒေါ်လာ ၅ သောင်း မှ ၅ သိန်းအထိဟု တွေ့ရှိပါသည်။ ထို့ကြောင့် EOI ကို လျှောက်ထားပါက ၂ နှစ်တာကာလအတွက် သတ်မှတ်၍ လျှောက်ထားရမည်လား။ သို့မဟုတ် စီမံကိန်း ၅ နှစ်တာကာလဖြစ်ပါက ၅ နှစ်တာအတွက် လျှောက်ထားရမည်လား။ အကယ်၍ ၅ နှစ်တာကာလ စီမံကိန်း တစ်ခုအတွက် လျှောက်ထားပါက ထောက်ပံ့ပေးမည့်ငွေပမာဏသည် ၅ သိန်းထက်ပင် ပိုမည်လား။
A7) Under this particular EOI (#1 Responsive Health, Education and Livelihoods Services), each EOI proposal should have a maximum period of performance of 2 years.  The maximum total budget for any EOI proposal, regardless of period of performance or number of partners, is $500,000.
ယခုကြေညာထားသည့် EOI (#1 Responsive Health, Education and Livelihoods Services) တွင် EOI စီမံကိန်းအဆိုပြုလွှာတစ်စောင်ချင်းစီ၏ စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့်ကာလသည် အများဆုံး ၂ နှစ်ဖြစ်ရပါမည်။ မည်သည့် EOI စီမံကိန်းအဆိုပြုလွှာအတွက်မဆို စီမံကိန်းကာလ သို့မဟုတ် မိတ်ဖက်အဖွဲ့အစည်းအရေအတွက်တို့သည်အဓိကမဟုတ်ဘဲ အများဆုံးလျာထားငွေသည် အမေရိကန်ဒေါ်လာ ၅ သိန်းဖြစ်ပါသည်။

Q8) One organization has two offices, which are based in both Thailand and Myanmar.
Can this organization make one joint proposal, but the budget transfer for this organization will be into two offices in two different countries with both Thai Baht and Myanmar Kyat currencies?
အဖွဲ့အစည်းတစ်ဖွဲ့တွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ရုံးခွဲ ၂ ရုံးရှိသည်ဆိုပါစို့။ ၎င်းအဖွဲ့အစည်းသည် ပူးတွဲအဆိုပြုလွှာတစ်စောင်ကို တင်သွင်းပြီးနောက် လျာထားသုံးစွဲမည့်ငွေကြေးကို လွှဲပေးရာတွင် ထိုင်းအခြေစိုက်ရုံးအတွက် ထိုင်းဘတ်ငွေဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် အခြေစိုက်သည့်ရုံးအတွက် မြန်မာကျပ်ငွေဖြင့်လည်းကောင်း သီးခြားလွှဲပေးမည်လား။

A8) It is acceptable to submit a joint proposal by an organization with two offices in different countries. The budget should be expressed in one currency in the EOI submission, and the award will be managed in one currency.  Pact can transfer funds to both Thai and Myanmar bank accounts.
အဖွဲ့အစည်းတစ်ဖွဲ့က မတူညီသည့်တိုင်းပြည်၂ပြည်တွင်ရှိနေသည့် ၎င်း၏ ရုံးခွဲ၂ ရုံးအတွက် ပူးတွဲအဆိုပြုလွှာ တင်သွင်းခြင်းကို လက်ခံနိုင်ပါသည်။ လျာထားငွေကို ငွေကြေးတစ်ခုတည်းဖြင့်သာ ဖော်ပြရမည်ဖြစ်ပြီး ရန်ပုံငွေ ပေးအပ်ရာတွင်လည်း ငွေကြေးတစ်မျိုးတည်းဖြင့်သာ စီမံခန့်ခွဲဆောင်ရွက်သွားမည်။ ပက်အနေဖြင့် ရန်ပုံငွေကို ထိုင်းနိုင်ငံသို့ဖြစ်စေ၊ မြန်မာနိုင်ငံတွင်းဖြစ်စေ လွှဲပေးနိုင်ပါသည်။

**EOI#1 Questions & Answers 18th~31st August 2018**

Q9) Are international non-government organizations (INGOs) eligible to apply for ACE funding under the APS?
နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ယခုခေါ်ဆိုမှုကို လျှောက်ထားနိုင်ပါသလား။
A9) This EOI is limited to local non-governmental organizations that are either a non-profit, not-for-profit, or for-profit entity that is currently established in Myanmar or Thailand. This preference may change under subsequent EOIs.
ယခုခေါ်ဆိုမှုကို အစိုးရမဟုတ်သော မြန်မာနိုင်ငံအခြေစိုက် သို့မဟုတ် ထိုင်းနိုင်ငံအခြေစိုက်ဖြစ်သော အမြတ်အစွန်းအတွက်မဟုတ်သည့်NGOများ၊ အကျိုးအမြတ်အတွက်လုပ်ဆောင်နေသည့် အဖွဲ့အစည်းများအတွက်သာ ရည်ရွယ်ထားပါသည်။ ယခုသတ်မှတ်ချက်သည် နောက်ဆက်တွဲခေါ်ဆိုမည့်EOIများတွင်မူ အပြောင်းအလဲ ရှိကောင်းရှိနိုင်ပါသည်။

Q10) If so, can INGO applications include sub-grant arrangements with local civil society organizations and/or service providers affiliated with ethnic armed organizations?
နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ်မှုရှိသော ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများကို ပြန်လည်ထောက်ပံ့ငွေချပေးခြင်းမျိုး ပြုလုပ်နိုင်ပါသလား။
A10) This EOI is limited to local non-governmental organizations that are either a non-profit, not-for-profit, or for-profit entity that is currently established in Myanmar or Thailand. Pact encourages eligible applicants to consider joint proposals for coordinated service delivery. Pact discourages pass through types of arrangements where the prime agreement holder does not perform a significant amount of the work. Whenever possible, Pact prefers to grant to each organization independently within a consortium and avoid sub-granting arrangements.
ယခုခေါ်ဆိုမှုကို အစိုးရမဟုတ်သော မြန်မာနိုင်ငံအခြေစိုက် သို့မဟုတ် ထိုင်းနိုင်ငံအခြေစိုက်ဖြစ်သော အမြတ်အစွန်းအတွက်မဟုတ်သည့်NGOများ၊ အကျိုးအမြတ်အတွက်လုပ်ဆောင်နေသည့် အဖွဲ့အစည်းများအတွက်သာ ရည်ရွယ်ထားပါသည်။ လျှောက်ထားခွင့်ရှိသူများအနေဖြင့် ပူးပေါင်းဝန်ဆောင်မှုပေးနိုင်ရန်အတွက် ပူးတွဲအဆိုပြုလွှာများကို တင်သွင်းရန် တိုက်တွန်းပါသည်။ အကယ်၍

လျှောက်ထားသူများအနေဖြင့် ဦးဆောင်အဖွဲ့သတ်မှတ်လျှောက်ထားမည်ဆိုပါက ပက်အနေဖြင့် ထိုဦးဆောင်အဖွဲ့ကို အဆိုတင်သွင်းမည့်လုပ်ငန်းဆောင်တာအများစုကို ကိုယ်တိုင်ဦးဆောင်လုပ်ကိုင်ရန် မျှော်လင့်ပါသည်။ တကယ်တမ်း ဖြစ်နိုင်မည်ဆိုလျှင် ပက်အနေဖြင့် ပူးတွဲအဆိုပြုလွှာများတွင် ပါဝင်မည့်အဖွဲ့များကို ဦးဆောင်အဖွဲ့၊ Sub-grantအဖွဲ့အစရှိသဖြင့် မသတ်မှတ်ဘဲ တပြေးညီ သီးသန့်စီ ရန်ပုံငွေသတ်မှတ်ချပေးရန် ပိုမိုဆန္ဒရှိပါသည်။

**EOI#1 Questions & Answers is 1st-14th September 2018**

Q11) When Pact talks about Southern Shan State and Eastern Bago Region, are there any specific townships determined?
ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ပဲခူးအရှေ့ပိုင်းဒေသများဟုဆိုရာတွင် မည်သည့်မြို့နယ်များ ပါဝင်ပါသနည်း။
A11) The Advancing Community Empowerment project anticipates engaging directly with the following eight townships for implementation in the project's second year: 1. Thandaunggyi, 2. Kyainseikgyi, 3. Hlaingbwe, 4. Thanbyuzayat, 5. Pekon, 6. Hpasawng, 7. Demoso, 8. Hpruso. The project welcomes cooperative activities in these areas, but applicants are not required to apply for activities only in these townships.
ACEအနေဖြင့် ဖော်ပြပါမြို့နယ်ရှစ်ခုတွင် ချိတ်ဆက်လုပ်ဆောင်သွားနိုင်ရန် မျှော်မှန်းထားပါသည်။ ၁။ သံတောင်ကြီး၊ ၂။ ကြာအင်းဆိပ်ကြီး၊ ၃။ လှိုင်းဘွဲ့၊ ၄။ သံဖြူဇရပ်၊ ၅။ ဖယ်ခုံ၊ ၆။ ဖားဆောင်း၊ ၇။ ဒီမောဆိုး၊ ၈။ ဖရူဆို တို့ဖြစ်ပါသည်။ သို့သော် လျှောက်ထားသူများအနေဖြင့် ယခုဖော်ပြပါမြို့နယ်များတွင်သာ စီမံကိန်းဆောင်ရွက်ရမည်ဟု မဆိုလိုပါ။

ACE uses the boundaries for South Shan State and East Bago Region established by the Government of Myanmar and presented in the attached map.
http://www.burmalibrary.org/docs6/MIMU001_A3_SD%20&%20Township%20Overview.pdf
ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ပဲခူးအရှေ့ပိုင်းဒေသများအတွက် နယ်မြေသတ်မှတ်ချက်မှာမူ ယခုဖော်ပြပါမြေပုံအတိုင်း ဖြစ်ပါသည်။
http://www.burmalibrary.org/docs6/MIMU001_A3_SD%20&%20Township%20Overview.pdf
Q12) What types of activities ACE consortium partners are going to implement under the Disaster Risk Management under objective I in accordance with USAID rules and regulations. It will be helpful for potential applicants to think what types of emergency-related activities are eligible.
ACEစီမံကိန်း၏ ရည်ရွယ်ချက်(၁)အောက်တွင်ပါရှိသော ဘေးအန္တရာယ်စီမံခန့်ခွဲမှုအောက်တွင် USAID၏စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီသော မည်သည့်လုပ်ဆောင်ချက်များကို ဆောင်ရွက်သွားမည်နည်း။ ဤသို့ ကြိုတင်သိရှိထားခြင်းသည် လျှောက်ထားသူများအတွက် စဉ်းစားရာတွင် များစွာပိုမိုလွယ်ကူစေပါသည်။
A12) ACE's Disaster Risk Management support will be determined in consultation with local communities. Indicative activities may include:
• Participatory assessments of natural resources, community risk and resilience.
• Improved planning around disaster risk, natural and community resources, sustainable water resource management, climate-smart development.

• Strengthening coordination mechanisms within and between communities, CSOs, private sector, and local authorities to reduce vulnerability and respond more effectively to disasters.
• Awareness raising, technical training, and technical assistance for community members, local authorities, and CSOs.
လုပ်ဆောင်ချက်များကို ဒေသနေလူထုနှင့် တိုင်ပင်ဆွေးနွေးပြီးမှ အသေးစိတ်ကို သတ်မှတ်အကောင်အထည်ဖော်မည် ဖြစ်ပါသည်။ ဖြစ်နိုင်ချေရှိသော လုပ်ဆောင်ချက်အချို့ကို ဖော်ပြပေးလိုပါသည်။

- သဘာဝသယံဇာတအရင်းအမြစ်များနှင့် လူထုအပေါ် ကျရောက်နိုင်သည့်ဘေးအန္တရာယ်နှင့် လူထု၏ကြံ့ကြံ့ခံနိုင်စွမ်းတို့ကို လူထုပူပေါင်းပါဝင်မှုဖြင့်တိုင်းတာအကဲဖြတ်ခြင်း
- ဘေးဒုက္ခအန္တရာယ်၊ သဘာဝသယံဇာအရင်းအမြစ်များနှင့်လူထု၏သယံဇာတအရင်းအမြစ်များ၊ ရေရှည်တည်တံ့သောရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ ရာသီဥတုအတွက်ကောင်းမွန်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း စသည်တို့နှင့်ပါတ်သက်၍ စီမံကိန်းချမှတ်လုပ်ဆောင်မှုတိုးတက်ကောင်းမွန်လာခြင်း
- ဘေးဒုက္ခရောက်လွယ်မှု၊ ထိခိုက်ခံစားရလွယ်မှုတို့ကို လျှော့ချရန်နှင့် ဘေးဒုက္ခများကို ပိုမိုထိရောက်စွာ တုန့်ပြန်နိုင်ရန်အတွက် ရပ်ရွာလူထုများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသန္တရအာဏာပိုင်များအားလုံးတို့အကြားတွင်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦးအကြားတွင်လည်းကောင်း ညှိနှိုင်းလုပ်ဆောင်သည့်ယန္တရားများ အားကောင်းလာစေရေး
- လူထုများ၊ ဒေသန္တရာအာဏာပိုင်များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများတို့အတွက် အသိအမြင်မြှင့်တင်ခြင်း၊ နည်းပညာဆိုင်ရာလေ့ကျင့်သင်ကြားရေးသင်တန်းနှင့် နည်းပညာထောက်ပံ့မှု

**EOI#1 Questions & Answers 1st~15th October 2018**

Q13) We would like to make a question on earliest RHELS - EOI review date. As we understood, Pact Myanmar will review RHELS - EOI on 2 monthly basis and the first time would be in October. Since we are planning to apply and to be involved in first round of EOI review, we would like to know " when would be the earliest RHELS - EOI review date/period?". For example - will it be in first week or last week or mid of October?"
ပထမအဆုံးအကြိမ် EOI review ပြုလုပ်မည့် အချိန်နှင့် ပတ်သက်၍ မေးမြန်းလိုပါသည်။ ပက်မြန်မာမှနေ၍ EOI များကို နှစ်လတစ်ကြိမ် Review လုပ်သွားမည်ဖြစ်ပြီး ပထမဆုံးအကြိမ်မှာ အောက်တိုဘာအတွင်းဖြစ်မည်ဟု နားလည်ထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် ပထမအကြိမ် Review အမီ လျှောက်ထားလိုပါသည်။ သို့ဖြစ်ရာ ပထမအကြိမ် Review မှာ အောက်တိုဘာ အစ သို့မဟုတ် အလယ် သို့မဟုတ် အဆုံး စသည်ဖြင့် မည်သည့်အချိန်တွင် ဖြစ်နိုင်မည်ကို သိရှိလိုပါသည်။
A13) The first round of EOI reviews of all EOIs submitted prior to October 1 has already commenced and will be completed by November 2. The next round of reviews will start in December.
ပထမအကြိမ်ခေါ်ဆိုမှုတွင် အောက်တိုဘာ(၁)ရက်နေ့မတိုင်မီ လက်ခံရရှိသော အဆိုပြုလွှာအားလုံးကို နိုဝင်ဘာ(၂)ရက်နေ့တွင် အပြီးသတ်ကြည့်ရှုမည် ဖြစ်ပါသည်။ ဒီဇင်ဘာလအတွင်း နောက်တစ်ကြိမ် ကြည့်ရှုမှု ပြုလုပ်ရန်ရှိပါသည်။

Q14) We are a community based non-profit organization based in northern Shan State which has been implementing on sustainable forest and livelihood security issues. Although we are very interested to apply ACE project, northern Shan state isn't included in its target area. We therefore would like to know that can we apply ACT project or when the northern Shan will be able to meet ACE?
ကျွန်ုပ်တို့သည် ရှမ်းပြည်မြောက်ပိုင်းတွင် ရေရှည်တည်တံ့သော သစ်တောနှင့် သက်မွေးဖူလုံမှုဆိုင်ရာ ကဏ္ဍများ ဆောင်ရွက်နေသည့် အကျိုးအမြတ်မယူသော ရပ်ရွာအခြေပြု အဖွဲ့တစ်ခုဖြစ်ပါသည်။ ACE စီမံချက်တွင် လျှောက်ထားရန် အလွန်စိတ်ဝင်စားသော်လည်း ရှမ်းပြည်မြောက်ပိုင်းသည် စီမံချက် ဧရိယာအတွင်း ပါဝင်နေခြင်းမရှိရာ ကျွန်တော်တို့ အဖွဲ့အနေဖြင့် လျှောက်ထားနိုင်ခြင်း ရှိမရှိ သိလိုပါသည်။

A14) ACE does not plan to implement in N. Shan. However, a sister program funded by USAID and led by Development Associates Inc (DAI) was recently awarded and will begin funding opportunities in N. Shan soon.
ACE စီမံကိန်းအနေဖြင့် ရှမ်းပြည်မြောက်ပိုင်းတွင် လုပ်ဆောင်ရန် မရှိပါ။ USAIDထံမှ Development Associates Inc (DAI) သို့ မကြာသေးမီက ပံ့ပိုးပေးခဲ့သော စီမံကိန်းတစ်ခုမှနေ၍ ရှမ်းပြည်မြောက်ပိုင်းတွင် ရန်ပုံငွေထောက်ပံ့ပေးလာရန် ရှိသည်ဟု ကြားသိထားသည်တော့ ရှိပါသည်။

**EOI#1 Questions & Answers 1st~15th November 2018**

**Q15**) I read " improve in-school and out-of-school literacy programming" under Area-2; education of program description in your ACE APS. Can our organization apply for a project to implement a literacy promotion program including promoting an ethnic literacy?
အဆိုပြုလွှာပါ နယ်ပယ်-၂ (ပညာရေး)အောက်တွင်ဖော်ပြချက်အရ "ကျောင်းတွင်းနှင့် ကျောင်းပြင်ပ စာတတ်မြောက်မှု တိုးတက်လာစေခြင်း အစီအစဉ်များ"ဟုတွေ့ရှိရပါသည်။ ထိုအစီအစဉ်အောက်တွင် တိုင်းရင်းသားစာပေတတ်မြောက်ရေးစီမံကိန်းများပါ အကျုံးဝင်ပါသလား။

A15) Yes, activities relating to the implementation of literacy programming in ethnic languages are eligible for funding.
ဟုတ်ကဲ့၊ တိုင်းရင်းသားစာပေနှင့်ဘာသာစကားတတ်မြောက်ရေးဆိုင်ရာစီမံကိန်းများကို လျှောက်ထားနိုင်ပါသည်။

**EOI#1 Questions & Answers 16th~30th November 2018**

**Q16**) Demand / Needs-driven
How was the need for this project identified? Who identified these needs? And in the application form what does this paragraph mean: *Include any assessment or analysis conducted as supporting documentation (supporting documentation will not be counted against the EOI page limit)*.

ဤစီမံချက်အတွက် လိုအပ်ချက်များကို မည်ကဲ့သို့ ခွဲခြားဖော်ပြမည်နည်း? မည်သူတို့က ဤလိုအပ်ချက်များကို ခွဲခြားဖော်ပြသနည်း? လျှောက်လွှာတွင်ပါရှိသော "စစ်တမ်းကောက်ယူအကဲဖြတ်ချက်သို့မဟုတ် ခွဲခြမ်းစိတ်ဖြာချက်စသော အထောက်အကူပြုစာရွက်စာတမ်း (အထောက်အကူပြု စာရွက်စာတမ်းများသည် ဆန္ဒပြုလွှာ၏ စာမျက်နှာ ကန့်သတ်ချက်တွင် ထည့်သွင်း မရေတွက်ပါ) ပါဝင်ခြင်း" သည်ဘာကိုဆိုလိုသနည်း။

A16) Needs-driven means that the project responds to the actual needs in the community. In this section, we would like you to explain how people from the communities/ groups your project will support involved in identifying problems and possible solutions? For example, you may have talked to different people in the community to determine their challenges and received their ideas about how your organization can help.

"Needs-driven" ဆိုသည်မှာလူထု၏အမှန်တကယ်လိုအပ်ချက်များကိုဖြည့်ဆည်းလုပ်ဆောင်ပေးသောစီမံကိန်း ဖြစ်ပါသည်။ ဤအပိုင်းတွင် သင့်၏စီမံကိန်းလုပ်ငန်းမှပြည်သူလူထု/အသင်းအဖွဲ့များသည်အခက်အခဲပြဿနာများကို မည်ကဲ့သို့ရှာဖွေဖော်ထုတ်ကာဖြေရှင်းပေးနိုင်ပုံ/ ဖြစ်နိုင်ဖွယ်ရှိသောဖြေရှင်းနည်းမျိုး စသည်အချက်အခက်များတို့ကို ဖော်ပြစေလိုပါသည်။ (ဥပမာ။ သင်၏အဖွဲ့အစည်းမှ "မတူညီ၊ ကွဲပြားခြားနားမှုရှိသောသောပြည်သူလူထုအတွင်း ဖြစ်ပေါ်နေသောစိန်ခေါ်မှုများကိုပြည်သူလူထုထဲမှကိုယ်တိုင်ဖော်ဆောင်လာနိုင်ကာ ၎င်းပြည်သူလူထုများအကြံဉာဏ်ထွက်ပေါ်လာနိုင်သည့်ကူညီဖော်ထုတ်မှုမျိုးကိုလုပ်ဆောင်ပေးနိုင်ကြောင်း" ချပြပြောဆိုခြင်း)

**Q17)** Conflict sensitivity / Do No Harm

In the application form it states- What is your organization's approach to conflict sensitivity and how will you integrate this approach into your project?

ပဋိပက္ခ သတိပြုမိမှု/ ထိခိုက်မှုမရှိစေခြင်း

လျှောက်လွှာပုံစံတွင်ပါဝင်သော "သင့်အဖွဲ့အစည်းသည်မည်သို့သော ပူးပေါင်းပါဝင်ချည်းကပ်လုပ်ဆောင်ခြင်းမျိုးဖြင့် **ပဋိပက္ခ သတိပြုမိမှု** နှင့် **ထိခိုက်လွယ်မှုမရှိစေခြင်း** ဆိုသောအချက်ကိုစီမံကိန်းလုပ်ငန်းတွင်မည်သို့လုပ်ဆောင်မည်နည်း" ဆိုသည့်အဓိပ္ပါယ်ကိုရှင်းပြပါ။

A17) "Conflict sensitivity" means to understand the context you operate in, especially issues that connect or divide people, and taking action to promote positive relationships. For example, if some people in a community receive project services and others do not, this can create divisions between groups. The question is – how does your project identify and address these issues?

"ပဋိပက္ခ သတိပြုမိမှု" ဆိုသည်မှာ လက်ရှိလုပ်ဆောင်နေသောစီမံကိန်းလုပ်ငန်းအခြေအနေကို နားလည်ခြင်းနှင့် အထူးသဖြင့်အချင်းချင်းဆက်ဆံရေးတွင်အပြုသဘောဆောင်၍ကောင်းမွန်တိုးတက်သောဆက်ဆံရေးမျိုးသို့ဦးတည် လုပ်ဆောင်ခြင်းများကိုဆိုလိုသည်။ (ဥပမာ။ စီမံကိန်းလုပ်ငန်းမှာ လူထုအချို့အတွက်သာ အကျိုးခံစားခွင့်ရှိပြီး အချို့မှာအကျိုးခံစားခွင့်မရပါက အဖွဲ့အတွင်း လူထုအုပ်စုနှစ်စုကွဲထွက်သွားနိုင်မှုမျိုးကိုဖြစ်ပေါ်လာနိုင်စေသည်။) ဆိုလိုသည်မှာ သင့်၏စီမံကိန်းလုပ်ငန်းသည် ဤကဲ့သို့သောပြဿနာ အခက်အခဲများကိုမည်သို့သောနည်းလမ်းဖြင့် စီစစ်ဖြေရှင်းမှုများလုပ်ဆောင်ပေးနိုင်မည်နည်း။

**Q18)** I have seen the call for proposal: Responsive Health, Education and Livelihoods Services. I would like to request you to have an appointment with someone from grant session on this week or ASAP.

မြန်ဆန်စွာတုံ့ပြန်ပေးသော ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဝန်ဆောင်မှုများအတွက် စီမံကိန်း လျှောက်လွှာ ခေါ်ဆိုမှုကိုကျွန်မတွေ့ရှိပါသည်။ စီမံကိန်းအကြောင်းအရာကို Grant ဝန်ထမ်းတစ်ဦးဦးနှင့်အမြန်ဆုံး တွေ့ဆုံမေးမြန်းခွင့်တောင်း ဆိုချင်ပါသည်။

A18) In an effort to keep the proposal process as fair as possible to all applicants, we kindly request you submit any questions to the ACE email account (ACE@pactworld.org). All questions will be answered within 2 weeks of receipt and updates posted on Pact Myanmar Facebook page https://www.facebook.com/PactinMyanmar/

လျှောက်လွှာတင်သူအားလုံးအတွက်မျှတမှုရှိနိုင်သမျှရှိစေရန်နှင့် လျှောက်လွှာခေါ်ယူမှုလုပ်ငန်းစဉ်အတိုင်းဖြစ်စေရန် ACE အီးမေးဖြစ်သော (ACE@pactworld.org) သို့သိရှိလိုသောအကြောင်းအရာများကိုမေးမြန်းရန် Pact မှလေးစားစွာတောင်းဆိုပါသည်။ မေးခွန်းများအားလုံးကိုနှစ်ပတ်တစ်ကြိမ်လက်ခံကာဖြေကြားပေးပြီး ၄င်းအမေးအဖြေကိုလည်း Pact Myanmar Facebook စာမျက်နှာ https://www.facebook.com/PactinMyanmar/ တွင်ပုံမှန်တင်ပေးပါသည်။